ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၂ /၂၀၁၅
၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
၂၀၁၅ ခုနှစ်၊ မေလ ၈ ရက်

အကြောင်းအရာ။ **ငါးပုစွန်ရေထွက်ပစ္စည်းများတင်ပို့/တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Techanical Regulation For Export and Import Fishery Products) အား ထုတ်ပြန်ကြေငြာခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ငါးပုစွန်ရေထွက် ပစ္စည်းများတင်ပို့/ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (Techanical Regulation For Export and Inport Fishery Products)အား ထုတ်ပြန်ကြေငြာလိုက်သည်။ (စည်းမျဉ်းစည်းကမ်းများ Techanical Regulation For Export and Import Fishery Products အားပူးတွဲဖော်ပြထားပါသည်။ )

၂။ ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်ပတင်ပို့သော/ ပြည်ပမှတင်သွင်းသော ငါး/ပုစွန် ရေထွက်ပစ္စည်းများသည် စားသုံးသူများအား ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းစေရန်နှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီသော ရေထွက်ပစ္စည်းများ ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဤညွှန်ကြားချက်ပါ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အဆိုပါရည်မှန်းချက်များအား ပြည့်မီစေပြီး၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုစေမည့်အပြင် နိုင်ငံတကာမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်လည်း ကိုက်ညီမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရေထွက်ပစ္စည်းတင်ပို့/တင်သွင်းသော လုပ်ငန်းရှင်များအနေဖြင့် ဤညွှန်ကြားချက်ပါ စည်းမျဉ်းစည်းကမ်းများကို ၂၀၁၆ခုနှစ်၊ ဇွန်လ (၁)ရက်နေ့မှစ၍ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။ ဤညွှန်ကြားချက်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံး နိုင်ရန်အတွက် လိုအပ်သော ဆောင်ရွက်မှုများ ပြင်ဆင်ပြုလုပ်နိုင်ရန် ပြင်ဆင်ချိန်ကာလအား ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ ၂၀၁၆ ခုနှစ်၊ မေလ (၃၁)ရက်နေ့အထိ သတ်မှတ်လိုက်သည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

-----------------------------------

-----------------------------------

စာအမှတ်၊ ငလ/နပတ-၅/၂၀၁၅( ၂၆၈၉ )
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၈ ရက်

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီးရုံး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
၂။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
၄။ ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ)၊ ငါးလုပ်ငန်းဦးစီးဌာန
၅။ တာဝန်ခံ(ဥပဒေဌာနစု)၊ ငါးလုပ်ငန်းဦးစီးဌာန
၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
၇။ ရုံးလက်ခံ
၈။ မျှောစာတွဲ